ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ★ ရုံးချုပ် ★ နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)**
နေပြည်တော်

စာအမှတ်၊ ကလ(နပတ)၈၆၀/၂၀၁၉ /၆၂၈
ရက်  စွဲ ၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်

အကြောင်းအရာ။ **နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေးခွင့်ပြုမိန့် (Road Transport Permit) နှင့် ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန်ကိစ္စ**

ရည် ညွှန်း ချက်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၃.၈.၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ပဆ-၅/အပရ(GMS)/၂၀၁၉(၅၈၈)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာနသည် ၂၀၁၆ ခုနှစ်၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မဟာမဲခေါင်ဒေသခွဲအတွင်း ကုန်စည်နှင့်လူများ နယ်စပ်ဖြတ်ကျော် ပို့ဆောင်မည့် နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များအား သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူများသို့ ထုတ်ပေးလျက်ရှိပါသည်။

၂။ အဆိုပါလိုင်စင်များ ထုတ်ပေးပြီးပါက လုပ်ငန်းရှင်၏ ပို့ဆောင်ရေးလုပ်ငန်းစွမ်းဆောင်ရည်အပေါ် စိစစ်၍ နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေးခွင့်ပြုမိန့် ရယူရန်အတွက် ဝန်ကြီးရုံးသို့ ထောက်ခံတင်ပြရမည် ဖြစ်ပြီး ထိုသို့ ထောက်ခံတင်ပြခြင်းမပြုမီ ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများအား အောက်ပါအချက် များအား ကြိုတင်အသိပေးထားရန် ဝန်ကြီးရုံးက ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်-

(က) အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့သည် ထောက်ခံတင်ပြလာသော လုပ်ငန်းရှင်များအား သက်တမ်း(၁)နှစ်ရှိသော နယ်စပ် ဖြတ်ကျော်ပို့ဆောင်ရေးခွင့်ပြုမိန့်(Permit)ကို ထုတ်ပေးမည် ဖြစ်ပါသည်။

(ခ) သက်တမ်းကုန်ဆုံး၍ ပြန်လည်လျှောက်ထားရာတွင် မူလခွင့်ပြုမိန့်သက်တမ်းဖြင့် တစ်ဆက်တည်း လုပ်ငန်းဆောင်ရွက်လိုပါက ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း(၃၀) ကြိုတင်၍ သက်တမ်းတိုး ပြန်လည်လျှောက်ထားရမည် ဖြစ်ပါသည်။

(ဂ) မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေး ဆောင်ရွက်ရန် မော်တော်ယာဉ် ဝင်/ထွက် သွားလာရမည့် သတ်မှတ်ထားသည့် ဝင်/ထွက်ပေါက်မှာ မြန်မာဘက်ခြမ်း၌ မြဝတီ၊ ထိုင်းဘက်ခြမ်း၌ မဲဆောက်ဖြစ်ပြီး လမ်းကြောင်းများအနေဖြင့်-

**မြန်မာဘက်ခြမ်းလမ်းကြောင်း**

(၁) မြဝတီ-ကော့ကရိတ်-ကျုံဒိုး-ဇာသပြင်-မော်လမြိုင်

(၂) မြဝတီ-ကော့ကရိတ်-ကျုံဒိုး-ဇာသပြင်-အိန္ဒူ-ဘားအံ-သထုံ-ကျိုက်ထို- သိမ်ဇရပ်-ဝေါ-ဘုရားကြီး-ပဲခူး-ရန်ကုန်-သီလဝါ

\\kala4\D\Operator License\IOL 2019\veh. driving License 2019.docx27

ထိုင်းဘက်ခြမ်းလမ်းကြောင်း

(၁) မဲဆောက်-မစ္စနလော-ခုန်ခမ်း-ကုလားဆင်-မုဒဟန်

(၂) မဲဆောက်-ဘန်ကောက်-လန်ချဘန်

(ဃ) နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေးခွင့်ပြုမိန့်(Road Transport Permit) နှင့် မော်တော်ယာဉ် ယာယီဝင်ခွင့်လက်မှတ် (Temporary Admission Document-TAD)တို့သည် ယာဉ်နှင့်အတူ အစဉ်အမြဲပါရှိရန် ဖြစ်ပါသည်။

(င) ထိုင်းနိုင်ငံ၊ မဲဆောက်နယ်စပ်ဂိတ်နှင့် မြန်မာနိုင်ငံ၊ မြဝတီနယ်စပ်ဂိတ်များမှ ဝင်/ထွက်မည့် မော်တော်ယာဉ်များသည် မြဝတီကုန်သွယ်ရေးဇုန်မှတစ်ဆင့် ဝင်/ထွက်ရန် ဖြစ်ပါသည်။

(စ) နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေးခွင့်ပြုမိန့် (Permit) ရရှိထားသူများသည် ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် တစ်ဖက်နိုင်ငံ၏ ပြည်တွင်း ဥပဒေ၊ နည်းဥပဒေစည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရန်နှင့် ဖောက်ဖျက်ပါက တစ်ဖက်နိုင်ငံ၏ တည်ဆဲဥပဒေအတိုင်း အရေးယူခံရမည့်အပြင် နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေးခွင့်ပြုမိန့် (Permit) ကို ပယ်ဖျက်သိမ်းဆည်းခြင်းခံရမည် ဖြစ်ပါသည်။

(ဆ) နယ်စပ်ဖြတ်ကျော် ပို့ဆောင်ရေးခွင့်ပြုမိန့်ကိုင်ဆောင်ထားသည့် ပို့ဆောင်ရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းဆောင်ရွက်မှုများကို စိစစ်သုံးသပ်မည်ဖြစ်ရာ စတင်ထုတ်ပေးသည့် နေ့ရက်မှ(၆)လအတွင်း အသုံးပြုခြင်းမရှိလျှင် ဖြစ်စေ၊ ကျန် (၆) လအတွင်း လုပ်ငန်းဆောင်ရွက်မည်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထား မတင်ပြနိုင်လျှင်ဖြစ်စေ ခွင့်ပြုမိန့်ကို ပယ်ဖျက်သိမ်းဆည်းခြင်းခံရမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ နယ်စပ်ဖြတ်ကျော်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရယူထားသည့် လုပ်ငန်းရှင်များအနေဖြင့် Road Transport Permit နှင့်ပတ်သက်၍ အထက်အပိုဒ်(၂)ပါ အချက်များအား ကြိုတင်သိရှိလိုက်နာဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

၁၀/၈/၁၉

ညွှန်ကြားရေးမှူးချုပ် ( ကိုယ်စား )
( သင့်မြတ်သူ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် )

ဖြန့်ဝေခြင်း

၁။ ဦးထွန်းမင်းအောင်၊ Managing Director, Hercules Logistics Co., Ltd
(၅၅)လမ်း၊ ဖိုးရာဇာလမ်းနှင့်ဦးပုညလမ်းကြား၊ (ဈ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

၂။ ဦးမြင့်ကြည်၊ Managing Director, Yangon MK Group Transportation Co., Ltd
တိုက်(၇၇)၊ အခန်း(၁၀၃)၊ ပထမထပ်၊ ဗိုလ်တထောင်ဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၃။ ဦးမောင်ကျေး၊ Chairman, Resources Group Logistics Co., Ltd
အမှတ်(၃၆)၊ သိမ်ဖြူလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

\\kala4\D\Operator License\IOL 2019\veh. driving License 2019.docx28

၄။ ဦးဝင်းစန်းလွင်၊ Director, Loyal Link Co., Ltd
အမှတ်(၄၇)၊ ၄ဝါလမ်း၊ စောရန်ပိုင်တောင်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
၅။ ဦးထွဋ်မြတ်အောင်၊ Managing Director, Ni Ni (Myawadi) Trading Co., Ltd
အမှတ်(၃၈/၄၀)၊ ၅လွှာ၊ ရွှေဘုံသာလမ်း၊ အောက်ဘလောက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
၆။ ဦးသန်းဝင်း၊ Director, KTW (MYAWADDY) LOGISTICS TRANSPORTATION Co., Ltd
အခန်း(၆)၊ (၄)လမ်း၊ သီရိမွန်ပလာဇာ၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
၇။ ဦးသန့်၊ Admin/HR Director, Myanmar Fast & Forward Co., Ltd
အမှတ်(၂၀၂)၊ တိုက်(၂)၊ ဧယျာမွန်အိမ်ရာ၊ ဘုရင့်နောင်လမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
၈။ ဒေါ်သင်းသင်းမြတ်၊ Apex World International Co., Ltd
အမှတ်(၁၁၉)၊ (၉၂)လမ်း၊ ကန်တော်ကလေး(အရှေ့)ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
၉။ ဦးအောင်မိုး၊ Moe Nantaw Transportation Co., Ltd
အမှတ်(၇၈/၈၂)၊ အခန်း(၁၀၁)၊ ဗိုလ်တထောင်စျေးလမ်း၊ ၃ ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မိတ္တူကို

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။
ညွှန်ကြားရေးမှူးချုပ်(ရုံးအဖွဲ့)။
ဒုတိယညွှန်ကြားရေးမှူးချုပ်(ဦးစီး၊ လုပ်ငန်း)။
မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။
မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း။
မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း။
မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း။
မြဝတီနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း။
ရုံးလက်ခံ။
မျှောစာတွဲ။